“သင်တို့အနက်မှတစ်ဦးဦးသည် မိမိ၏ ပခုံးနှစ်ဖက်ပေါ်၌
(အဝတ်) တစ်စုံတစ်ရာ တင်ထားခြင်းမရှိဘဲ
အဝတ်တစ်ထည်တည်းဖြင့် ဆွလာသ်ဝတ်ပြုခြင်း မပြုရ။”
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
နဗီတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
“သင်တို့အနက်မှတစ်ဦးဦးသည် မိမိ၏ ပခုံးနှစ်ဖက်ပေါ်၌ (အဝတ်) တစ်စုံတစ်ရာ
တင်ထားခြင်းမရှိဘဲ အဝတ်တစ်ထည်တည်းဖြင့် ဆွလာသ်ဝတ်ပြုခြင်း မပြုရ။”
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အဝတ်တစ်ထည်တည်းဖြင့်
ဆွလာသ်ဝတ်ပြုသူအား ပခုံးနှစ်ဖက်ပေါ်တွင် တစ်စုံတစ်ရာဖုံးအုပ်ထားခြင်းမရှိဘဲ
ဖော်ထားခြင်းမှတားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ပခုံးနှစ်ဖက်သည်
ဖုံးအုပ်ထိုက်သော အစိတ်အပိုင်းမဟုတ်သော်လည်း ဆွလာသ်ဝတ်ပြုနေစဉ် အလ္လာဟ်အရှင်မြတ်၏
ရှေ့တော်မှောက်တွင် ရပ်တည်နေချိန်၌ ယင်းတို့ကို ဖုံးကွယ်ထားခြင်းသည် ပို၍လေး
နက်မှု၊ ရိုသေမှုရှိစေပြီး အရှက်ကို သေချာစွာဖုံးကွယ်နိုင်ရန်
ပိုမိုအထောက်အကူဖြစ်စေသည်။
https://sunnah.global/hadeeth/my/show/10639